# ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃၀ ။ )

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော်၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုး အစား၊ အလုပ်ဌာန အမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်**ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေး လက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား နှင့် အမြဲတမ်း အလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေး ဝမ်းကျောင်း အတွက်ဖြစ်စေ မိမိ၏လုပ်အား အပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ-

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာန လုပ်နေ သည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့်ရရှိ သူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့် သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်း ကောင်းပေးရန် ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ် ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ။"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "မြန်မာနိုင်ငံ ပရဆေး ဆိုင်ရာအက်ဥပဒေ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံတိုင်းရင်း ဆေးကောင်စီဥပဒေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တည်ဆဲတရား ဥပဒေ တစ်ရပ်ရပ်" ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက် တို့ကိုဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "အများအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ကို "အများပြည်သူ အလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၄။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံး များအတွက် ရုံးပိတ်ရက်များ"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ဖြင့် နှစ်စဉ်ထုတ်ပြန် ကြေညာသည့် အများပြည်သူ အလုပ်ပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်း ဆုံး တစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ် ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၃)ကို ပယ်ဖျက် ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ် ရှစ်ပတ်ကို သက်ဆိုင်ရာ အခကြေး ငွေနှင့် ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ(၂)၌ ပါရှိ သော" နိုင်ငံတော်သမ္မတ" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၁၃ ၌ ပါရှိသော "နိုင်ငံတော် သမ္မတသည်" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၈)ပါ ဇယားကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်